'အာလင်မ်သာသနာ့ပညာရှင်၏ အီဗာဒသ်ပြုသူထက်

သာလွန်မြင့်မြတ်မှုသည်၊ အသင်တို့အနက်မှ

အနိမ့်ဆုံးလူထက် ငါကိုယ်တော်၏ သာလွန်မြင့်မြတ်မှုကဲ့သို့ဖြစ်၏

အဗူအုမာမဟ် အလ်ဗာဟိလီ (ရဿွိယလ္လာဟုအန်ဟု) က ဆင့်ပြန်ခဲ့သည်။ ၎င်းကပြောပြခဲ့သည် " အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်‌တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထံ
လူနှစ်ဦးအကြောင်း ဖော်ပြခဲ့ကြသည်။ တစ်ဦးမှာ အီဗာဒသ်တရားအားထုတ်သူ ဖြစ်၍
အခြားတစ်ဦးမှာ အာလင်မ်သာသနာ့ပညာရှင်ဖြစ်သည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်‌တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က မိန့်ကြားတော်မူသည်မှာ-
'အာလင်မ်သာသနာ့ပညာရှင်၏ အီဗာဒသ်ပြုသူထက် သာလွန်မြင့်မြတ်မှုသည်၊ အသင်တို့အနက်မှအနိမ့်ဆုံးလူထက် ငါကိုယ်တော်၏ သာလွန်မြင့်မြတ်မှု ကဲ့သို့ဖြစ်၏။' ထို့နောက်
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်‌တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ကဆက်လက်မိန့်ကြားတော်မူသည်- 'ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်နှင့် မလာအိကဟ်ကောင်းကင်
တမန်များ၊ မိုးကောင်းကင်နှင့် ကမ္ဘာမြေရှိ အရာခပ်သိမ်းတို့သည်၊ မိမိ၏
တွင်းထဲ၌ရှိနေသောပုရွက်ဆိတ်မှအစ ပင်လယ်ထဲရှိသည့် ငါးသတ္တဝါအဆုံး (အားလုံးသည်)
လူသားတို့အား ကောင်းမြတ်သောအရာများကို သင်ကြားပြသပေးသူအတွက် ဆွလာသ်ပို့သ (
အရှင်မြတ်ဘက်မှ ကရုဏာတော်ကို ချီးမြှင့်ရန် ဆုတောင်းပတ္ထနာပြု) ကြ၏။”
[حسن لغيره] [رواه الترمذي]

အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်‌တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ထံ လူနှစ်ဦးအကြောင်းဖော်ပြခဲ့ကြသည်။ တစ်ဦးမှာ အီဗာဒသ်တရားအားထုတ်သူ ဖြစ်၍ အခြားတစ်ဦးမှာအာလင်မ်သာသနာ့ပညာရှင်ဖြစ်ပြီး၊ ထိုနှစ်ဦးအနက် မည်သူက သာလွန်မြင့်မြတ်သနည်းဟုလျှောက်ထားမေးမြန်းခဲ့ကြသည်။ ကိုယ်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်မှာ- (ထိုအခါ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်‌တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က မိန့်ကြားတော်မူသည်မှာ -) သာသနာ့ပညာရပ်များကိုနားလည်တတ်ကျွမ်းပြီး ယင်းအား လက်တွေ့လိုက်နာကျင့်သုံးကာ အခြားသူများကိုသင်ကြားပေးသူသည် မိမိအတွက် မရှိမဖြစ်လိုအပ်သော အခြေခံပညာရပ်များကိုသာ သိရှိထားပြီးဝိညာဉ်ရေးရာ အားထုတ်မှုတွင်သာ အချိန်ပြည့်မြှုပ်နှံထားသော ပုဂ္ဂိုလ်ထက်သာလွန်မြင့်မြတ်၏။ ထိုသို့သာလွန်မြင့်မြတ်မှုသည် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ၏ ဂုဏ်သိက္ခာက အနိမ့်ဆုံး ဆွဟာဗီသာဝကတစ်ပါးထက်သာလွန်မြင့်မြတ်သကဲ့သို့ပင် ဖြစ်၏။ ထို့နောက်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က (ထိုသို့သာလွန်မြင့်မြတ်ရသည့်)အကြောင်းရင်းကို ရှင်းလင်းမိန့်ကြားတော်မူခဲ့သည်မှာ- အလ္လာဟ်အရှင်မြတ်၊ ထိုအရှင်၏အရ်ရှ်ပလ္လင်တော်ကို ထမ်းထားသော မလာအိကဟ်ကောင်းကင် တမန်များ၊ မိုးကောင်းကင်ရှိအခြားမလာအိကဟ်ကောင်းကင်တမန်များအားလုံး၊ မြေကြီးပေါ်ရှိ လူသားနှင့်ဂျင်န်၊သတ္တဝါအားလုံးနှင့် မြေကြီးအထဲ၌ရှိသော ပုရွက်ဆိတ်များမှစ၍၊ ပင်လယ်ရှိငါးသတ္တဝါအထိ၊

□□□□□□□□ □□□□□ □□□□□□□□□□□□□ □□□□□□□□□□□□□□□□□□□□□ □□□□□□□□□□□□□ □□□□□□□□□□□□□□□□□□□□